ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ စနေနေ့ (18-6-2011) (၆၇၉၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဇွန် ၁၇

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အဆိုပါ တက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ဘွဲ့နှင်းသဘင်ခန်းမဆောင်အတွင်းရှိ မြတ်စွာဘုရားကျောင်းတော်၏ ရွှေကန့်လန့်ကာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ (Ph.D, D.Litt)၊ ပါမောက္ခချုပ် ဆရာတော်၊ မော်ကွန်းထိန်းဆရာတော်၊ အုပ်ချုပ်ရေးမှူး ဆရာတော်နှင့် စာချဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ သံရုံးများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် သီတဂူ သာသနာပြုအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ကျောင်းဆောင်၏ မုခ်ဦး မီးရောင်စုံဆိုင်းဘုတ်နှင့် စိန်ကန့်လန့်ကာကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ခြောက်ရောင်စုံခြယ် လေပူဖောင်းများ သီတွဲထားသော ဖဲကြိုးကို ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် သီတဂူ အထွေထွေအတွင်းရေးမှူး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးဟန်တို့က ကောင်းကင်ယံသို့ လွှင့်တင်ပေးကြပြီး သီတဂူ ဂီတဥ္စလီအဖွဲ့က မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် မင်္ဂလဗိမာန် ဆရာတော် ရေးသားပူဇော်အပ်သော မင်္ဂလာ(၈၀)ပေါ် တေးထပ်ကို သီကျူးပူဇော်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့◆

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်နှင့်အတူ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၁၈ - ၆ - ၂၀၁၁
(စနေနေ့)

လူတိုင်းစာတတ်မြောက်ရေးသည် အဓိက စာတတ်သူတိုင်း စာဖတ်ရေးသည် ပဓာန

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်ဆိုင်ရာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိသည်။ ၂၁ ရာစုကို ပညာခေတ်ဟု ခေါ်တွင်နေကြပြီ။ စာတတ်မြောက်ရေးသည် စာဖတ်တတ်ရန်သာမက မြန်မာ့အရေးနှင့် ကမ္ဘာ့ရေးရာဗဟုသုတအဖြာဖြာကို လေ့လာသိရှိ တွေးခေါ်မြော်မြင်နိုင်သည်အထိ အကျိုးဖြစ်ထွန်းမှုရှိပေသည်။

စာတတ်မြောက်ခြင်းသည် လူသားများအတွက် စွမ်းအားတစ်ရပ်ဖြစ်ရာ လူတိုင်းစာတတ်မြောက်ရန် အရေးပါသကဲ့သို့ စာတတ်သူတိုင်းလည်း စဉ်ဆက်မပြတ် စာပေဖတ်ရှုကြရန် လိုအပ်သည်။ စာတတ်မြောက်လာသူတိုင်း မိမိတတ်ပြီးသည့်စာ မမေ့စေရေး အရေးကြီးသည်။ စာပေဆက်လက် ဖတ်ရှုလေ့လာနိုင်စေရေး အားပေးကူညီကြရပေမည်။ စာဖတ်ရှိန်မြှင့်တင်ရေး ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

ယနေ့ကာလတွင် ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးနည်းလမ်းများ ဖော်ဆောင်ပေးနေပြီ။ လူငယ်လူရွယ်များ ခေတ်မီ ဆက်သွယ်ရေးနည်းပညာသစ်များဖြင့် နိုင်ငံတကာအဆင့်မီပညာရပ်များကို လွယ်ကူစွာ သင်ယူနိုင်နေကြပြီ။ ထို့အတူ ကျောင်းနေအရွယ်လွန်ကလေးများ၊ လူငယ်များနှင့် သက်ကြီးများအတွက် အခြေခံစာတတ်မြောက်ရေး ဝိုင်းဝန်းအားထုတ်မှုကြောင့် သက်ကြီးစာတတ်မြောက်သူများ တိုးပွားလာလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

သို့ရာတွင် စာတတ်သူတိုင်းက စာပေဖတ်ရှုလေ့လာမှု အားနည်းနေသည်ကို တွေ့ရသည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာအဖြာဖြာနှင့် သုတ၊ ရသဆိုင်ရာ စာအုပ်စာပေများစွာ ထွက်ပေါ်လျက်ရှိရာ ဗဟုသုတလည်းရ မိမိတို့၏ ကိုယ်ရည်ကိုယ်သွေး တွေးခေါ်မြော်မြင်မှုလည်း တိုးတက်မြင့်မားနေစေရေး စာများများ ဖတ်ရှုလေ့လာသင့်ပေသည်။ မိမိတို့ နေ့စဉ်လှုပ်ရှားသွားလာ လုပ်ကိုင်နေထိုင်ရာ ပတ်ဝန်းကျင်ရှိ စာတန်းများ၊ ဆောင်ပုဒ်များ၊ နှိုးဆော်ချက်များ၊ တားမြစ်ချက်များကို သတိပြုဖတ်ရှုသိရှိလိုက်နာကြရန်လည်း လိုအပ်မည် ဖြစ်သည်။

ခရီးသည်အများ စီးနင်းသွားလာရာ ယာဉ်များပေါ်၌ ဆေးလိပ်သောက်၊ ကွမ်းစား ကွမ်းတံတွေးထွေးမှု၊ အမှိုက်ပစ်မှုတို့နှင့်စပ်လျဉ်း၍ တားမြစ်ချက်စာတန်းများ တွေ့ရသည်။ မြို့ပြလူနေမှုပတ်ဝန်းကျင်၌ ကျန်းမာသန့်ရှင်းရေး၊ သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် စည်းကမ်းစနစ်တကျ လိုက်နာဆောင်ရွက်ကြရေး သတိပေးစာတန်းများကို အများမြင်သာထင်သာရန် ရေးချိတ်ထားသည်။ ဖတ်ရှု၊ သိရှိလိုက်နာသူ နည်းပါးနေဆဲဖြစ်သည်။

မြို့ပြသာယာလှပရေး၊ လူအများကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေး၊ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများသည် ပြည်သူလူထုအားလုံးနှင့်ပါနီးနွယ်ဆက်စပ်သက်ဆိုင်လျက်ရှိရာ စာတတ်သူတိုင်းက ဗဟုသုတတိုးပွားရေး၊ အသိအမြင် အတွေးအခေါ်ကျယ်ပြန့်ရေး၊ ယဉ်ကျေးသိမ်မွေ့သော မြို့ကြီးသားပီသစေရေး၊ စာပေမပြတ် ဖတ်ရှုလေ့လာ၊ စည်းကမ်းလိုက်နာကြစေရေး တိုက်တွန်းလိုက်ရပေသည်။ ။

ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

မြစ်ကြီးနား ဇွန် ၁၇

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများနှင့် ခြင်ပေါက်ပွားနိုင်သော ရေဆိုးမြောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂၅ ရက်က ဦးစီးအရာရှိ ဦးလှမိုးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၄၉၈	၀. ၀၃၂၇၃
တရုတ် (ယွမ်)	၆. ၄၇၃၅၀	၀. ၁၅၄၄၈
အိန္ဒိယ (ရူပီး)	၄၄. ၇၇၅၀	၀. ၀၂၂၃၃
မလေးရှား (ရင်းဂစ်)	၃. ၀၃၈၀၀	၀. ၃၂၉၁၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၄၂၀	၀. ၈၁၀၂၄
ဂျပန် (ယန်း)	၈၀. ၁၈၈၀	၀. ၀၁၂၄၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၆. ၀၇	၀. ၀၀၀၉၂
ယူရို	၀. ၇၀၀၂၁	၁. ၄၂၈၁၄
ဗြိတိသျှ (ပေါင်)	၀. ၆၁၈၈၇	၁. ၆၁၅၈၄

အင်တာနက်။

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်နိုင်ငံ သတ္တုတူးဖော်ထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဒုတိယဝန်ကြီး စစ်ဆေး

ရန်ကုန် ဇွန် ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်း၊ လှိုင်သာယာ-တွံတေးလမ်း၊ တွံတေး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းများ၏ လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တွံတေး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပိုင်း မိုင်တိုင်အမှတ် (၃/၄)နှင့် (၃/၆) အကြား၌ လမ်းပျက်စီးမှုများကို ပြင်ဆင်ရန် မှာကြားခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ဒေးဒရဲ-ဖျာပုံလမ်းကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံ-ဘိုကလေးလမ်းပိုင်းနှင့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ အောက်နက်ချောင်းတံတား ဖွင့်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းပေါ်ရှိ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားများဖြင့် ဘိုးပိုင်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ချဉ်းကပ်တံတား ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဖျာပုံ-ကျိုက်လတ်-မအူပင်လမ်းပိုင်းကိုလည်းကောင်း၊ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ဗိသုကာပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၀၇/၂၀၁၁)ကို ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room ၌ ကျင်းပမည်ဖြစ်ရာ ဗိသုကာပညာရှင်များဖြစ်သည့် ဦးဇာနည်အောင်၊ ဦးစည်သူမြင့်ဆွေ၊ ဦးဝင်းထူးနှင့် ဦးသက်နိုင်ရှိန်တို့က ဟောပြောမည်ဖြစ်ပြီး မည်သူမဆို ဖုန်း-၀၉-၇၃၁၅၃၀၈၄၊ ၀၉-၇၃၁၅၄၄၆၀ တို့သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်သည်။ (ကြေးမုံ)

ကနောင်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၁၇

ကနောင်အသင်း (ရန်ကုန်)၏ အဌမအကြိမ်မြောက်စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဥက္ကဌ ဦးတင်ဝင်း ဖုန်း-၂၉၂၂၁၃၊ ၀၉-၅၁၅၀၄၉၊ ဒုတိယဥက္ကဌ ဦးအောင်ထွန်းကြည် ဖုန်း-၅၈၀၃၆၀၊ ၀၉-၅၁၂၁၀၂၈၊ ဒုတိယဥက္ကဌဗိုလ်ကြီးမြင့်အေး(ငြိမ်း) ဖုန်း-၂၉၈၁၁၈၊ ၀၉-၈၃၀၀၄၆၇နှင့် အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၀၉-၅၁၈၇၇၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၂။ အဖွင့်သီချင်း
၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ဘော့စ်ဘောကြယ်ပွင့်များ (အပိုင်း-၁၃)
၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -ဟင့်. . . အင်း (မြင့်မြတ်၊ ခိုင်သင်းကြည်နှင့် သရုပ်ဆောင်များ) -ဒါရိုက်တာ-ကုသိုလ်**
၁း၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၇၆)**

ညပိုင်း

၄း၀၇ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်ခွဲ
၄း၅၀ ၇။ ကုန်သွယ်သုတ
၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၂။ လှုပ်တစ်ပြက်
၆း၂၀ ၁၃။ စားဖို့ဆောင်ချစ်သူ
၆း၄၀ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၁၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ လူ့ရွှင်တော်စတား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၂၆)**
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၆၂)**

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၁၇

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များနှင့်အတူ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၃၀ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ Local Talent
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀ ၅။ Yan Can Cook
၁၂:၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၅၁)**
၁:၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁:၄၅ ၈။ "မြန်မာနိုင်ငံ၏ မုတ်သုံရာသီနှင့် ဆက်နွှယ်နေသော မိုးလေဝသဖြစ်စဉ်များ"
၂:၁၅ ၉။ "မိတ်ကောင်းဖော်မွန်"
၂:၅၀ ၁၀။ သူရေးသီရာတေးကဗျာ
၂:၅၅ ၁၁။ International News
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၃၀ ၄။ "ငါးရစ်မျိုးငါး တို့မစား"
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅:၂၀ ၈။ ဘူမိအပူသုံးစွမ်းအင်များ (အပိုင်း-၂)
၅:၃၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၁၉)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၂၃)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၁၅)**
၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
၂၁။ အစီအစဉ်ပြီး၏။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲကျင်းပရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၁၇

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နေပြည်တော်၌ ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်အတူ Tourism Promotion အတွက် နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲကျင်းပရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေး တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သာစည်မြို့မဈေးကြီးတွင် တန်ဖိုးနည်းငွေစက္ကူအကြွေ လဲလှယ်ပေး

သာစည် ဇွန် ၁၇

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်၏ စီစဉ်ကြီးကြပ်မှုဖြင့် အဖွဲ့ပိုင်မြို့မဈေးကြီးတွင် ဈေးသည်နှင့်ဈေးဝယ်သူများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ရေး၊ ငွေအကြွေ အခက်အခဲမရှိစေရေးတို့အတွက် ဇွန် ၁၀ ရက်က ဈေးတာဝန်ခံရုံး၌ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်လှဲ့လှဲ့ပို့ နှင့် ဈေးတာဝန်ခံ ဦးသန်းဆင့်တို့က ဈေးသူ၊ ဈေးသားများအား တန်ဖိုးနည်းငွေအကြွေစက္ကူအသစ်များ လဲလှယ်ပေးကြကြောင်း သိရသည်။ (၄၂၅)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၃) ရပ်ကွက် ငွေကြာရံရိပ်သာ နှင်းဆီလမ်းနေ ကွယ်လွန်သူ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးသာထွန်းဦး-ဒေါ်မြင့်မြင့် မိသားစုက ဒေါ်မြင့်မြင့်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ လှူဒါန်းစဉ်။ (ကြေးမုံ)

အဆင့်မြင့် အင်ဂျင်နီယာဒီပလိုမာတန်းခွဲသစ် ဖွင့်မည်

ရန်ကုန် ဇွန် ၁၇

နိုင်ငံတကာ တက္ကသိုလ်များတွင် ပညာဆည်းပူးရန်အတွက် တိုက်ရိုက်ဝင်ခွင့်ရရှိခြင်း၊ စာမေးပွဲများဖြေဆိုခြင်း အစရှိသော အခွင့်အရေးများရရှိနိုင်ပြီး ပြည်ပတွင် အလုပ်လုပ်လိုသူများအတွက် ပညာရှင်အင်ဂျင်နီယာ ရာထူးများဖြင့် လုပ်ကိုင်နိုင်မည့် ဒီပလိုမာသင်တန်းများကို ဂလိုရီ အင်ဂျင်နီယာအတတ်ပညာသင်တန်းကျောင်းမှ ဇွန် ၂၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အလုပ်လုပ်ခွင့်ပါမစ်များရရှိရန်လည်း အထောက်အကူပြုပြီး သင်တန်းမှ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်၊ ကျောင်းတက်လိုသူများအတွက် ဝင်ခွင့်လက်မှတ်ရယူနိုင်မည်ဖြစ်ကြောင်း၊ Level(2), (3) သင်တန်းများကို တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူတိုင်း တက်ရောက်နိုင်ပြီး Level(5) သင်တန်းများကို ပြည်တွင်း၊ ပြည်ပမှ အင်ဂျင်နီယာဒီပလိုမာ တစ်ခုခု ရရှိထားသူများ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း၊ ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များမှာ နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်များသော ဘာသာရပ်များဖြစ်ကြောင်း သိရသည်။ အင်ဂျင်နီယာ ဒီပလိုမာသင်တန်းသားတိုင်း အင်္ဂလိပ်စာနှင့် မိမိတက်သော ဘာသာရပ်နှင့် သက်ဆိုင်သည့် လက်တွေ့ကျွမ်းကျင်မှုသင်တန်း နှစ်မျိုးတို့ကို အခမဲ့သင်ကြားပေးမည်ဖြစ်ရာ (၁၂၅-ဘီ) ပထမထပ် (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၄၃၁၊ ၀၉-၇၃၁၂၀၇၁၇နှင့် ၀၉-၅၁၉၇၈၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားကန်ဖျားကျောင်းတိုက် သိမ်တည်ဆောက်ရန်အတွက် ကမာရွတ်မြို့နယ် အမှတ်(၁၂၁/ခ) သံလွင်လမ်းနေ ဦးကြည်ညွန့်နှင့် အစ်မများက အလှူငွေကျပ် သိန်း ၇၀ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

TV Guide စာစောင် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၇

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂) အမှတ် (၂၇) ကို ဇွန် ၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်၌ Discovery ရုပ်သံလိုင်းတွင် အာရှရုပ်ရှင်သမိုင်းမှ True Asian Horror အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရမည့် တိရစ္ဆာန်များ၏ သဘာဝအလေ့အထများနှင့် ထူးဆန်းသည့် အကြောင်းအရာများ၊ MRTV ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည့် နတ်ရေးငယ်တဲ့ရွှေဖူးစာ၊ ကြံကြံဖန်ဖန်အမွေဆိုင်၊ သစ္စာနှလုံးသားစသည့် ကိုရီးယားဇာတ်လမ်းတွဲသစ်များ အကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ဇွန် ၁၆ ရက်မှ ၃၀ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀ ၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀နှင့် ၃၉၁၁၈၆ တို့သို့ မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (ဇူလိုင် / ၂၀၁၁)ကို ဇူလိုင် ၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်စန်းရီက "ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး" (Private Sector Development) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များအား ဖိတ်ကြားထားကြောင်းနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှင်းဆီမြိုင် ပန်းချီပြခန်း ဖွင့်မည်

ရန်ကုန် ဇွန် ၁၇

နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့အလင်းဦးတင် အထိမ်းအမှတ် နှင်းဆီမြိုင်ပန်းချီပြခန်းကို အဆိုပါရိပ်သာဝင်းအတွင်းရှိ နှင်းဆီမြိုင်ဂေဟာ မြေညီထပ်၌ မကြာမီဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါ နှင်းဆီမြိုင်ပန်းချီပြခန်း၌ ပြသသော ပန်းချီကားရောင်းချရရှိသည့် ငွေများကို ပန်းချီဆရာများက ရိပ်သာကြီးရှိ အဘိုး၊ အဘွားများပြုစုစောင့်ရှောက်ရန်အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (ရီရီမြင့်)

စစ်မက်ဖြစ်ပွားခြင်းထက် လေထုညစ်ညမ်းမှုကြောင့် မြို့တော်ကဘူး၌ အရပ်သားများ သေဆုံးမှုတိုး

ကဘူး ဇွန် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် လေထုညစ်ညမ်းမှုပြဿနာ ဆိုးရွားစွာ ဖြစ်ပေါ်နေကြောင်း၊ စစ်မက်ဖြစ်ပွားမှုထက် လေထုညစ်ညမ်းမှုကြောင့် အရပ်သားများ သေဆုံးမှု ပိုမိုများပြားကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် ၂၀၁၀ ခုနှစ်က စစ်မက်ဖြစ်ပွားခြင်းနှင့် ဆက်နွှယ်၍ အရပ်သူ အရပ်သား ၂၇၇၇ဦး သေဆုံးခဲ့ရသည်ဟု ကုလသမဂ္ဂကပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၌ လွန်ခဲ့သည့်နှစ်က လေထုညစ်ညမ်းမှုနှင့် ဆက်နွှယ်နေသော သေဆုံးရသူဦးရေမှာ ၃၀၀၀ ခန့်အထိရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ပြောကြားသည်။

ကဘူးမြို့တော်၌ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော အကြောင်းတရား အများအပြားရှိသည်။ စစ်မက်ဖြစ်ပွားခြင်းကြောင့် ကျေးလက်ဒေသများ၌ နေထိုင်သူများသည် ပိုမို၍ လုံခြုံမှုရှိသော ကဘူးသို့ ရွှေ့ပြောင်းနေထိုင်လာခဲ့ရာ မြို့တော်လူဦးရေမှာ လျင်မြန်စွာမြင့်တက်လာခဲ့သည်။

ကဘူးသည် လူဦးရေတစ်သန်းခန့်သာ နေထိုင်နိုင်သောမြို့အဖြစ် တည်ဆောက်ထားသော်လည်း လူငါးသန်းခန့်အထိ နေထိုင်ရာမြို့ ဖြစ်လာသည်။

ကဘူးသို့ ရွှေ့ပြောင်းလာသူများသည် ကျူးကျော်ရပ်ကွက်များ၌ ဆင်းရဲနွမ်းပါးစွာ နေထိုင်ကြရသည်။ ကဘူးရှိ လမ်းများပေါ်တွင် ကားအိုကားဟောင်းများ ဥဒဟိုသွားလာနေကြသည်။ ပြည်ပမှ တရားမဝင်တင်သွင်းခဲ့သော ယင်းကားများက မီးခိုးများ မှုတ်ထုတ်မှုကြောင့် လေထုညစ်ညမ်းမှု ဆိုးရွားလာရသည်။

ဇင်းအပြင် လမ်းအရည်အသွေးညံ့ဖျင်းမှုကြောင့် ကားများမောင်းနှင်သည့်အခါ ဖုန်မှုန့်များကို ထွက်ပေါ်စေသည်။

နေအိမ်များ၊ အုတ်စက်ရုံများကဲ့သို့သော စီးပွားရေးလုပ်ငန်းများနှင့် အများပြည်သူသုံး ရေချိုးခန်းများ၌ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဒီဇယ်မီးစက်များကို အသုံးပြုခြင်းကြောင့်လည်းကောင်း၊ အမှိုက်များ မီးရှို့ခြင်းကြောင့် လည်းကောင်း၊ အဆောက်အအုံများတွင် အနွေးဓာတ်ရရှိနိုင်ရန် မော်တော်ကားတာယာဟောင်းများနှင့် ပလတ်စတစ်များကို မီးရှို့ခြင်းကြောင့်လည်းကောင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်စေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဘယများ ပိုမိုဖြစ်ပေါ်လာသည်။

အင်တာနက်။

ကယ်ဆယ်ရေးပစ္စည်းတင် ရေယာဉ်များအတွက် လုံခြုံရေးစောင့်ကြပ်ပေးနိုင်ရန် ပါလက်စတိုင်း ပင်လယ်ရေကြောင်း ရဲတပ်ဖွဲ့ဝင်များ လေ့ကျင့်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကယ်ဆယ်ရေးပစ္စည်းတင်ရေယာဉ်ငယ်များယာဉ်တန်း ဂါဇာကမ်းမြောင်သို့ မဝင်ရောက်ရန် အစ္စရေးသတိပေး

တဲလ်အဗစ် ဇွန် ၁၇

ယခုလအတွင်း ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်ရန် စီစဉ်ထားသော ကယ်ဆယ်ရေးပစ္စည်းတင်ရေယာဉ်ငယ်များပါဝင်သော ယာဉ်တန်း၏ခရီးစဉ်ကို ဖျက်သိမ်းရန် အစ္စရေးစစ်ဘက်က ဇွန် ၁၆ ရက်တွင် သတိပေးလိုက်သည်။

ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးရေတပ်က ပိတ်ဆို့ထားသည့်အမိန့်ကို အာခံကာ လူမှုရေးစာနာထောက်ထားမှုလုပ်ရှားမှုများပါဝင်သော နိုင်ငံတကာညွန့်ပေါင်းအဖွဲ့က ပါလက်စတိုင်းတို့ထံ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့နိုင်ရန် စီစဉ်ထားချိန်တွင် အစ္စရေးစစ်ဘက်က သတိပေးခြင်းဖြစ်သည်။

နိုင်ငံခြားသတင်းထောက်များ တက်ရောက်သော သတင်းစာရှင်းလင်းပွဲတွင် အစ္စရေးအထက်တန်းစစ်အရာရှိတစ်ဦးက အထက်ပါအတိုင်း သတိပေးခဲ့သည်။

ကိုးဦးသေဆုံး

မိမိတို့အစ္စရေးတပ်ဖွဲ့ဝင်များသည် ပင်လယ်ရေကြောင်းပိတ်ဆို့မှုအမိန့်ကို အဓမ္မချိုးဖောက်သူများအား ရင်ဆိုင်သွားရန် အသင့်ရှိကြောင်း အမည်မဖော်သော အစ္စရေးအထက်တန်းစစ်အရာရှိတစ်ဦးက ပြောကြားသည်။

၂၀၁၀ ခုနှစ် မေလက ဂါဇာကမ်းမြောင်ဒေသသို့ ဦးတည်လာသော နိုင်ငံတကာကယ်ဆယ်ရေးပစ္စည်းတင် ရေယာဉ်ငယ်များပါဝင်သော ယာဉ်တန်းကို အစ္စရေးရေတပ် ကွန်မန်ဒိုတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ရာ တူရကီရေယာဉ်တစ်စင်းပေါ်လိုက်ပါလာသူ ကိုးဦးသေဆုံးခဲ့ရသည်။ ယင်းဖြစ်ရပ်ကြောင့် ဂါဇာဒေသအား အစ္စရေးက ရေကြောင်းမှ ပိတ်ဆို့ထားမှုကို ဖြေလျှော့ပေးရန် နိုင်ငံတကာက ဖိအားပေးခဲ့ကြသည်။

ဟားမားစ်အဖွဲ့က ထိန်းချုပ်ထားသော ဂါဇာဒေသရှိ စစ်သွေးကြွများထံသို့ ရေကြောင်းလမ်းမှ လက်နက်မှောင်ခိုတင်သွင်းမှု မရှိစေရေးအတွက် အစ္စရေးနိုင်ငံက ယင်းဒေသကို ရေကြောင်းမှ ပိတ်ဆို့ထားသည်။ **အင်တာနက်။**

ပြန်ပေးဆွဲခံထားရသော ကုန်သင်္ဘောပေါ် မီးလောင်

မိုဂါဒစ်ရှူး ဇွန် ၁၇

ဆိုမာလီနိုင်ငံကမ်းလွန်ပင်လယ်ပြင်အတွင်း ပြန်ပေးဆွဲခံထားရသော သင်္ဘောတစ်စင်းပေါ်တွင် မီးလောင်မှုဖြစ်ပွားရာ ရေယာဉ်ဝန်ထမ်း ၁၉ ဦးကို ကယ်တင်ပေးလိုက်ရကြောင်း ဇွန် ၁၇ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပနားမားအလံလွှင့်တင်ထားပြီး အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ပိုင် ကုန်သင်္ဘောပေါ်တွင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ပြန်ပေးဆွဲခံရ

"အမ်ဗွီအော်နာ" အမည်ရှိ ကုန်သင်္ဘောသည် ဆေးရှဲလ်နိုင်ငံ အရှေ့မြောက်ဘက် မိုင် ၄၀၀ ခန့်အကွာ ပင်လယ်ရေပြင်တွင် ဒီဇင်ဘာ ၂၈ရက်က ပြန်ပေးဆွဲခံခဲ့ရသည်။

အဆိုပါသင်္ဘောပေါ်တွင် မည်သည့်အတွက်ကြောင့် မီးလောင်မှုဖြစ်ပွားရသည်ကိုလည်းကောင်း၊ ကုန်သင်္ဘောပေါ်၌ မည်သည့်ကုန်စည်များပါရှိသည်ကိုလည်းကောင်း မသိရပေ။

ပျက်စီး

မီးလောင်မှုကြောင့် အင်ဂျင်စက်ပျက်စီးမှုမရှိကြောင်း၊ သင်္ဘောသားများ၏အိပ်ဆောင်များ ပျက်စီးခဲ့ရကြောင်း ပင်လယ်ဓားပြတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ရိုက်တာ။

တရုတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ ရေလွှမ်းမိုး ပြည်သူ ၅၅၅၀၀၀ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရ

ပေကျင်း ဇွန် ၁၇

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များ၌ ရက်ပေါင်းအတန်ကြာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိရာ ဒေသခံပြည်သူ ၅၅၅၀၀၀ကျော်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း ချိုင်းနားဒေလီသတင်းစာက ဇွန် ၁၇ရက်တွင် ဖော်ပြသည်။

မိုးခေါင်မှုဖြစ်ပွားခဲ့သောဒေသများ၌ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ယန်စီမြစ်ဝှမ်းဒေသ၌ ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့ပြဒေသ ခုနစ်ခု၌နေထိုင်သော ပြည်သူ ၅၅၅၀၀၀ကျော်ကို တပ်မတော်သားများ အကူအညီဖြင့် ရေဘေးလွတ်ရာနေရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

တရုတ်နိုင်ငံအလယ်ပိုင်းတွင် ရေဘေးအန္တရာယ်အဆင့်သတ်မှတ်ချက်ကို အမြင့်ဆုံးသို့ မြှင့်တင်လိုက်သည်။ တရုတ်နိုင်ငံ အရှေ့ပိုင်း စီကျန်းပြည်နယ်ရှိ ကျန်းတိန်မြစ်တွင် ၁၉၅၅ခုနှစ်နောက်ပိုင်း အမြင့်ဆုံးရေမှတ်သို့ ရောက်ရှိခဲ့သည်။ **ဆင်ဟွာ။**



တရုတ်နိုင်ငံ ချုံကင်းမြို့၌ ရေလွှမ်းမိုးလျက်ရှိသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်ပြည်သူများ ၃၉ ဂဏန်းတွဲအပေါ် လွန်စွာ အယူသီးဟုဆို

၃၉ ဂဏန်းအတွဲနှင့် ပတ်သက်၍ အယူသီးမှု ပြင်းထန်လှသော အာဖဂန်နစ္စတန်နိုင်ငံသားတို့ မော်တော်ကားနံပါတ်ကိုပင် ၃၉ ဂဏန်းကို လွှဲဖယ်ရန် ဤသို့ ပြင်ဆင် ရေးသားလေ့ရှိသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကဘူး ဇွန် ၁၇

ကားနံပါတ်ဂဏန်းများတွင် ၃၉ ဟူသော ဂဏန်းတွဲပါလာပါက မနှစ်မြို့သူများပြားခြင်းကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၏ မော်တော်ယာဉ်အရောင်းအဝယ်လောကသည် ကမောက်ကမဖြစ်လျက်ရှိကြောင်း ဇွန် ၁၇ ရက်သတင်းများတွင် ဖော်ပြသည်။

၃၉ဟူသော ဂဏန်းသင်္ချာအတွဲသည် ပြည့်တန်ဆာလောကကို သင်္ကေတပြုသည့် ဂဏန်းတွဲဖြစ်ကြောင်း ရှေးရိုးအယူအစွဲပြင်းထန်လှသည့် အာဖဂန်နိုင်ငံသားများက မှတ်ယူထားလေ့ရှိသည်။

၃၉ ဂဏန်းတွဲ ပါဝင်သော ကားနံပါတ်ရှိသည့် မော်တော်ယာဉ်များကို ဝယ်ယူအသုံးပြုခဲ့ကြသော ယာဉ်မောင်းများသည် ကဘူးမြို့တော်တစ်ဝန်း၌ လှောင်ပြောင်ရှုတ်ချမှုခံကြရကြောင်း သတင်းတွင်ဖော်ပြသည်။

ကားနံပါတ်ပြားများ၌ ၃၉ ဂဏန်းပါရှိသော မော်တော်ယာဉ်ပိုင်ရှင်များအား ယင်းကားများသည် ၎င်းတို့ အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်၊ မဖြစ် မေးမြန်းသည့်အခါ၌ အဆိုပါယာဉ်ပိုင်ရှင်များက ဒေါသတကြီး ပြန်လည်တုံ့ပြန်လေ့ရှိကြောင်း သိရသည်။

၃၉ ဂဏန်းအပေါ် အယူသီးမှုသည် မော်တော်ယာဉ်နံပါတ်များသာမက လက်ကိုင်ဖုန်းနံပါတ်များ အပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်းသတင်းများတွင် ဖော်ပြထားသည်။

၃၉ ဂဏန်းနှင့် ပတ်သက်၍ အများ၏ အထင်အမြင်လွဲမှားမှုကို ရှောင်ဖယ်နိုင်ရန် အသက် (၃၉) နှစ်ရှိ အာဖဂန်နိုင်ငံသားများသည် ၎င်းတို့၏ အသက်နှင့် စပ်လျဉ်း၍ ပြောကြားပါက ၄၀ အောက်တစ်နှစ်သာလျော့ကြောင်း ဆင်ခွေ့ရန်ရှောင်ပြောကြားလေ့ရှိသည်။

အင်တာနက်။

ထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့သော တရားခံ တံခါးမှားခေါက်၍ ပြန်အဖမ်းခံရ

ဆီယက်တဲလ် ဇွန် ၁၇

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် အကျဉ်းထောင်တစ်ခုမှ ထွက်ပြေးလွတ်မြောက်လာသော အကျဉ်းသားတစ်ဦးသည် ၎င်းလွတ်မြောက်ခဲ့ရာ အကျဉ်းထောင်မှ နားရက်ရသူအကျဉ်းထောင်လုံခြုံရေးတစ်ဦး၏အခန်းတံခါးကို အမှုမဲ့အမှတ်မဲ့ဖွင့်ဝင်ခဲ့ခြင်းကြောင့် ပြန်လည် ဖမ်းဆီးခံခဲ့ရကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။ အသက် (၃၉) နှစ်အရွယ် ဂျိမ်းစ်အက်ဒ်ဝပ်ဒ်ရပ်ဆဲလ်ဆိုသူသည် ပြည်ထောင်စုအစိုးရကကွပ်ကဲသော ဝါရှင်တန်ပြည်နယ် အကျဉ်းထောင်မှ ဇွန် ၁၄ ရက်တွင် ထွက်ပြေးလွတ်မြောက်ခဲ့သည်။

သို့ရာတွင် ရပ်ဆဲလ်သည် အကျဉ်းထောင်လုံခြုံရေးတစ်ဦး နားရက်ယူကာနေထိုင်လျက်ရှိသော အခန်းတွင်းသို့ တယ်လီဖုန်းအသုံးပြုရန် ဝင်ရောက်မိရာမှ ပြန်လည်ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၁၆ ရက်တွင် ပြောကြားခဲ့သည်။ ထွက်ပြေးလွတ်မြောက်လာသော အကျဉ်းသား ရပ်ဆဲလ်နှင့် ပက်ပင်းတိုးခဲ့သော အကျဉ်းထောင်လုံခြုံရေးအစောင့်က ယင်းပြဿနာကို သက်ဆိုင်ရာသို့သတင်းပေးပို့ခဲ့ရာ နာရီအနည်းငယ်အကြာ၌ ရပ်ဆဲလ်အား ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။

ဂျိမ်းစ်အက်ဒ်ဝပ်ဒ်ရပ်ဆဲလ်သည် စာရွက်စာတမ်း အတုလုပ်မှု၊ ခိုးဝှက်မှုများဖြင့် ထောင်ဒဏ်အပြစ်ပေးခံခဲ့ရသည့် ရာဇဝတ်သားတစ်ဦးဖြစ်သည်။ ***အင်တာနက်။***

ကျေးလက်ဒေသနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ဌာနေကိုယ်စားလှယ် Mr. Giuseppe Romalli သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ဌာနေကိုယ်စားလှယ် Mr. Giuseppe Romalli လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးအနီး မြေကွက်လပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများသည် လျှိုပိတ်ဆည်အမှတ်(၃၃)နှင့် (၃၄)အတွင်းသို့ ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ ကျွန်း၊ ကုက္ကို၊ ငုရွှေ၊ စိန်ပန်းကြီး၊ စွယ်တော်၊ ပန်းမဲဇလီနှင့် မဲဇလီ၊ ရင်းမာ၊ ယူကလစ်၊ ဖျောက်ဆိပ်၊ စိန်တံကူနှင့် မန်ကျည်း စသည့် ပန်းအလှပင်၊ အရိပ်ရလေကာပင်၊ သီးပင်စားပင်နှင့် နှစ်ရှည်ပင် စုစုပေါင်း ပျိုးပင် ၁၄၀၀ ကို စိုက်ပျိုးကြပြီး ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်းနှင့် တီလားပီးယား ငါးမျိုးသားပေါက် ကောင်ရေ ၁၅၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၁၁ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဝေလာမသုတ္တန်" တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၆)**
- ၈း၅၀ LG 3D Technology in Korea Expo
- ၉း၀၀ ပတ္တမြားမြေ တန်းမြင့်ကျောင်း၏ မြင့်မိုရ်မက ဂါရဝ
- ၉း၁၅ ကွိုင်နက္ခတ်ဇာတ်လမ်းနှင့် မိတ်ဆက်ပေးခြင်း
- ၉း၃၀ Global Panorama
- ၉း၅၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၂၀ ပင်လယ်ပြာဘေး၊ ကမာကေးမှ ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ
- ၁၀း၄၅ သွားမယ်စားမယ်
- ၁၁း၁၀ MNL Preview
- ၁၁း၄၀ ဟိုတယ်လမ်းညွှန်
- ၁၂း၂၀ တောင်ငူမြို့မှ Pioneer FC ရေသန့်စက်ဖွင့်ပွဲအခမ်းအနား
- ၁၂း၃၀ မကွေးဆေးတက္ကသိုလ်(၁၀)နှစ် ပြည့်နှစ်ပတ်လည်အခမ်းအနား
- ၁း၀၀ "ဝေလာမသုတ္တန်" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Goals of The Week
- ၂း၅၅ ပုံဖော်ဆန်းပြား အနုလက်ရာစစ်စစ်များ
- ၃း၁၅ Korea City of Seoul is Transportation
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၆)**
- ၄း၅၀ ကူညီဖေးမ ပရဟိတ
- ၅း၁၀ လွယ်ကူသက်သာစားစရာ "မန်ကျည်းတော်ဖီနှင့် သံပရာအဆီ"
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Movie Talk
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၉)**
- ၇း၃၅ ဖက်ရှင်လမ်းညွှန်
- ၇း၅၅ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အောင်မြင်သူတို့တည်ရှိရာ. . . Excellent Choice
- ၈း၄၀ Kid's Show
- ၉း၀၅ VJ Choice
- ၉း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၉၇)**
- ၁၀း၂၅ ပရီးမီးယားလိဂ်ရင်ခုန်သံ
- ၁၀း၅၀ အသံတိတ်အိပ်မက်ဆိုး
- ၁၁း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁း၅၀ ယုံကြည်ချက်များနဲ့အတူ
- ၁၂း၀၀ World of Knowledge
- ၁၂း၅၀ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်လမုန့်အရသာ
- ၁း၀၀ Movie Mistakes
- ၁း၂၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
- ၁း၄၀ နုယဉ်ဆန်းထွင်ပန်းအလှဆင်
- ၂း၀၅ တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
- ၂း၁၅ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၂း၅၀ ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ဝိရောဓိ CONTRA
- ၄း၁၀ ငြိမ်းချမ်းခြင်းသရုပ်. . . အေးချမ်းမှုအလှ
- ၄း၂၅ လွန်းတင်သည့်ကြိုး
- ၄း၄၀ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၅)သို့ တက်ရောက်မည့် ဆရာ၊ ဆရာမများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အခြေခံကောင်းများကို ငယ်ရွယ်စဉ်ကစပြီး ပြုစုပျိုးထောင် ခေတ်မီနည်းပညာများ ကျွမ်းကျင်တတ်မြောက်ပြီး အတတ်ပညာရှင်များအဖြစ် ကြိုးပမ်း

နေပြည်တော် ဇွန် ၁၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၅)သို့ တက်ရောက်မည့် ဆရာ၊ ဆရာမများအား အမှာစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာတွင် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အခြေခံကောင်းများကို ငယ်ရွယ်စဉ်ကစပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားမှသာ နိုင်ငံတော်၏ အဖိုးထိုက်ရတနာ သားကောင်းသမီးမွန်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ၏ ထက်မြက်သည့်ဉာဏ်ရည်ဉာဏ်သွေး၊ နိုးကြားတက်ကြွသည့်အားမာန်များကို ခေတ်မီနည်းပညာသစ်များ ကျွမ်းကျင်တတ်မြောက်မှုနှင့် ပေါင်းစပ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်ကြိုးပမ်းသူများအဖြစ် ပြုစုပျိုးထောင်သွားကြရန်နှင့် အတတ်ပညာရှင်များအဖြစ် ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကျင်းပ

မြစ်ကြီးနား ဇွန် ၁၇

မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရေးဝန်ထမ်း (၁/၂/၃)များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၂) ဆင်းပွဲကို ဇွန် ၁၅ ရက် ညနေ ၄နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက အမှာစကားပြောကြားကာ သင်တန်းသားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့သည့်ငွေကို ကချင်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မင်း ကိုယ်စားပေးအပ်သည်။ ယင်းနောက်သင်တန်းဆင်းအောင်လက်မှတ်ကို ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇွန် ၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား စုစုပေါင်း ၁၇၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဇွန် ၁၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ဘိုးဘွားရိပ်သာ အဆောက်အအုံဝင်းအတွင်း အဘိုးဆောင်အသစ်တစ်ဆောင် တိုးချဲ့ဆောက်လုပ်ရန်အတွက် ဦးမြင့်လှိုင်-ဒေါ်သင်းသင်းစီ(ရွှေဆိုင်)မိသားစုက အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးသိန်းရွှေနှင့် အဖွဲ့ဝင် ဦးသန်းဝင်းတို့ လက်ခံကြစဉ်။ (သတင်းစဉ်)

အသက်ကယ်လုပ်ငန်းဖြစ်၍ ကျွမ်းကျင်တတ်မြောက်အောင်သင်ယူ ခံယူချက်၊ သဘောတရားနှင့် လက်တွေ့ပြည့်ဝအောင် လေ့ကျင့်

နေပြည်တော် ဇွန် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇွန် ၁၇ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ကလေးကုသဆောင်၊ မွေးကင်းစကလေး စောင့်ရှောက်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ART & PMCT ဆေးပေးခန်း၊ လူနာဆောင် အဆောက်အအုံ တိုးချဲ့ဆောက်လုပ်မှုလုပ်ငန်းခွင်၊ ဖျားနာဆောင်၊ ဓာတ်မှန်ဌာန၊ သားဖွားမီးယပ်ဆောင်၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသမီးခွဲစိတ်ကုသဆောင်၊ အကြောအဆစ်နှင့် ရုပပဗေဒဆေးကုဌာန၊ တိုင်းဒေသကြီး ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးဒေသကြီး (၃) ဌာနချုပ်၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ပြင်ပလူနာဌာနနှင့် အရေးပေါ်လူနာဌာနများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် မုံရွာမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာမများ၊ ကျောင်းသူသင်တန်းသူများနှင့်တွေ့ဆုံ၍ သူနာပြုသင်တန်းသည် မွန်မြတ်သည့်အသက်ကယ်လုပ်ငန်းဖြစ်၍ အတတ်ပညာကျွမ်းကျင်မှု တတ်မြောက်မှုကို အဓိကဦးစားပေး လေ့လာသင်ယူကြရန်၊ သင်တန်းဆရာများကလည်း တပည့်များ၏ ခံယူချက်၊ သဘောတရားနှင့် လက်တွေ့ပြည့်ဝအောင် လေ့ကျင့်သင်ကြားပေးရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မုံရွာမြို့ တိုင်းရင်းဆေးရုံ၌ တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်နှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အရာတော်မြို့နယ် ပြည်သူ့ဆေးရုံ၊ အရာတော်မြို့နယ် မင်းရွာစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာ တိုက်နယ်ဆေးရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် အရာတော်မြို့နယ် မင်းရွာစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဟန်စိန်၊ ဦးချန်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) (၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပမည်

နေပြည်တော် ဇွန် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ (၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် သုတေသနဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုအပိုင်းဖြစ်စေ၊ ပညာရပ်အပိုင်းဖြစ်စေ စံပြအဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်သူများအား စံပြဆုများချီးမြှင့်ခြင်း၊ သုတေသနဖွံ့ဖြိုးတိုးတက်စေမည့် ဆွေးနွေးပွဲနှင့် ဟောပြောပွဲများကျင်းပခြင်း၊ ဆေးသုတေသနသမိုင်းကြောင်းနှင့် အောင်မြင်မှုများ၊ အနာဂတ်အတွက် သုတေသနပညာရပ်များပြန့်ပွား၊ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုစေမည့် ပိုစတာပြပွဲများနှင့် ဓာတ်ပုံ၊ ဆောင်ပုဒ်၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပခြင်း၊ နံရံကပ်စာစောင်များ ပြသခြင်းတို့ဖြင့် စိတ်ဝင်စားဖွယ် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် အထက(၅)၌ ပညာရည်ချွန်ဆု ချီးမြှင့်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁၀ ရက် နံနက်တွင် မြတ်ရတနာခန်းမ၌ ကျင်းပရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မယုဇင်ဇင်နိုင်အား ကျောင်းအုပ်ဆရာကြီး ဦးဝေမြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးစိုးမြင့်(နယူးရွှေစင်-စိန်ရွှေရတနာဆိုင်) တို့က ဆုများချီးမြှင့်သည်။**(အောက်ဝဲပုံ)**

ဆက်လက်၍ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ (နယူးရွှေစင်-စိန်ရွှေရတနာဆိုင်မိသားစု) တို့က ခြောက်ဘာသာတစ်ဦး၊ ငါးဘာသာနှစ်ဦး၊ လေးဘာသာခုနစ်ဦး၊ သုံးဘာသာ ၁၀ ဦး၊ နှစ်ဘာသာ ၁၀ ဦး၊ တစ်ဘာသာ ၂၃ ဦး၊ ဂုဏ်ထူးရှင်စုစုပေါင်း ၅၃ ဦးတို့အား ဆုများ ဆက်လက်ချီးမြှင့်ကြပြီး ကျောင်းအုပ်ဆရာကြီးနှင့်တကွ ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ မူလတန်းကျောင်းသား၊ ကျောင်းသူလေးများအား ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ပညာရေး)

အလိမ္မာ စာမှာရှိ

မုဒုံမြို့ ဘိုတဲရပ် ရှင်အရဟံလမ်းနေ မိဘများဖြစ်ကြသော ဦးအေးမောင်-ဒေါ်စိန်ပွင့်တို့အား ရည်စူး၍ သမီး ဒေါ်အေးကြူ (၉၀) (ကွယ်လွန်)နှင့်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။

(ကြေးမုံ)

နိုင်ငံတကာ အနုပညာရပ်ဝန်း

Labor Day ဇာတ်ကားတွင် သရုပ်ဆောင်ကြမည့် ကိတ်ဝင်းစလက်နှင့် ဂျော့ဘရိုလင်

အောဝမ်းစိုး

*စာရေးဆရာ ဂျွိုက်စ်မာနေ့၏ ၂၀၀၉ ခုနှစ်ကထုတ်ဝေခဲ့သော Labor Day ဝတ္ထုကို ဒါရိုက်တာဂျေဆင်ရိုက်မန်းက ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်အသက်သွင်းရိုက်ကူးမည့်အစီအစဉ်တွင် နာမည်ကျော်မင်းသမီးချော ကိတ်ဝင်းစလက်နှင့် မင်းသား ဂျော့ဘရိုလင်**(အောက်ပုံ)**တို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။*

ယင်းဇာတ်ကားတွင် အသက်(၃၅)နှစ်အရွယ်ရှိ မင်းသမီးချော ကိတ်ဝင်းစလက်က ဟင်နရီဆိုသော သားတစ်ဦးနှင့်အတူ ဘဝကို အထီးကျန်စွာ ဖြတ်သန်းနေရသော တစ်ခုလပ်အမျိုးသမီး အဒီးလ်အဖြစ် သရုပ်ဆောင်ထားသည်။ True Grit ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသား ဂျော့ဘရိုလင်က လူသတ်မှုတစ်ခုကျူးလွန်ကာ ထွက်ပြေးတိမ်းရှောင်လာပြီး အဒီးလ်နှင့် ဟင်နရီတို့ထံတွင် ခိုလှုံရန် တောင်းခံသူ ဖရန့်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

၎င်းဇာတ်ကားသည် ၁၉၈၀ ခုနှစ် အစောပိုင်းကာလများကို အခြေခံဇာတ်အိမ်တည်ထားပြီး လင်ယောက်ျားနှင့် ကွာရှင်းပြတ်စဲထားပြီး စိတ်ဓာတ်ကျနေသူ အဒီးလ်တို့သားအမိ ဈေးဝယ်ထွက်လာစဉ် ရာဇဝတ်မှုကျူးလွန်လာသူ ဖရန့်က ၎င်းတို့ထံတွင် နေထိုင်ခွင့်ပြုရန် အကူအညီတောင်းခံခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ဟင်နရီနှင့် ဖရန့်တို့ ရင်းနှီးသွားခဲ့ပုံနှင့် အဒီးလ်နှင့် ဖရန့်တို့၏ စိတ်ဝင်စားဖွယ်အဖြစ်အပျက်များကို ရိုက်ကူးတင်ပြထားသည်။

ယင်းဇာတ်ကားသည် ကိတ်ဝင်းစလက်အတွက် Revolutionary Road ဇာတ်ကားအပြီး ဒုတိယမြောက် ဒရာမာကားဖြစ်ပြီး သူ့ကို Contagion ဇာတ်ကားတွင်လည်း မြင်တွေ့ရဖွယ်ရှိပြီး မင်းသား ဂျော့ဘရိုလင်ကိုတော့ Men In Black3 ဇာတ်ကားတွင် ကြည့်ရှုရဦးမည်ဖြစ်သည်။ ***အင်တာနက်။***

မြို့သစ်မြို့ အခြေခံပညာအလယ်တန်းကျောင်း ထောက်ပံ့ပစ္စည်းပေးအပ်

မြို့သစ် ဇွန် ၁၇

မြို့သစ်မြို့ အခြေခံပညာအလယ်တန်းကျောင်း ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၇ ရက်က အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကြည်တို့က အဖွင့်အမှာစကားပြောကြားသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့ရီက အခမ်းအနားဖြစ်မြောက်ပုံကို ရှင်းလင်းဆွေးနွေးပြီး ကွန်ပျူတာ တစ်စုံ၊ အုတ်တံတိုင်း အခန်း ၁၀၀ နှင့် ထောက်ပံ့ပစ္စည်းတန်ဖိုး ငွေကျပ် ၃၁ သိန်းခွဲတန် စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူးဦးစိုးရက ပညာရေးဌာနသို့ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက လက်ခံရယူသည်။

(မြို့နယ်ပြန်/ဆက်)

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေ့စဉ်ထုတ် သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meperfluthrin အမျိုးအစား ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် သုည ဒသမ ဝ၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် သုည ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် သုည ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့် ပမာဏ သုည ဒသမ ဝ၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိသည်။ ခြင်ဆေးခွေ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှု စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆိုပါကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

နေပြည်တော်ကောင်စီ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၇

နေပြည်တော်ကောင်စီ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ကောင်စီရုံးရှေ့၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်က ၂၀၁၁ ခုနှစ် နေပြည်တော်ကောင်စီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် အင်ကြင်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များက သတ်မှတ်နေရာများ၌ ကံ့ကော်ပင်၊ ခရေပင်နှင့် ပိတောက်ပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများက အရိပ်ရစားပင်များ၊ ရတနာတန်းဝင် ကျွန်းပင်များ၊ နှစ်ရှည်/ရာသီပန်းအလှပင်များကို စိုက်ပျိုးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ နေပြည်တော်ကောင်စီ သစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော်ကောင်စီရုံးအတွင်း နှစ်ရှည် အရိပ်ရအပင်ကြီးများဖြစ်သော ရင်းမာ၊ ကုက္ကို၊ ဆီသပြေ၊ ငုစပ်၊ စိန်ပန်း၊ ပိတောက်၊ ကံ့ကော်၊ အင်ကြင်းနှင့် ခရေပင် ၁၂၀၀ ကို စိုက်ပျိုးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီရုံးအတွင်း ရတနာတန်းဝင်ကျွန်းပင် ၃၀၀၀၊ နှစ်ရှည်စားပင် စိန်တလုံးသရက်ပင် ၃၂၀၀ နှင့် ပိန္နဲပင် ၅၀၀ တို့ကို ယခုနှစ် သစ်ပင်စိုက်ရာသီအတွင်း စိုက်ပျိုးလျက်ရှိသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ၂၀၁၁ ခုနှစ် နေပြည်တော်ကောင်စီ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရတနာတန်းဝင်ကျွန်းပင်များနှင့်ကျေးလက်အိမ်ရာသုံး ယူကလစ်ပင်များကို စီမံချက်ချစိုက်ပျိုးလျက်ရှိရာ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ကျွန်းနှင့် ယူကလစ်ပင် စုစုပေါင်း အပင်ရေ သုံးသန်းခွဲခန့်ကို စိုက်ပျိုးပေးနိုင်ခဲ့သည်။

ယခု ၂၀၁၁ ခုနှစ် သစ်ပင်စိုက်ပျိုးရာသီအတွင်းတွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ ရတနာတန်းဝင်ကျွန်းနှင့် ကျေးလက်အိမ်ရာသုံးယူကလစ်ပင် စုစုပေါင်း အပင် ၇၀၀၀၀၀ ကို မြို့နယ်များအားလုံး စီမံချက်ချစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့အကြီးဆုံးသော ရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံ ကွေကျိုးပြည်နယ်၌ တည်ဆောက်လျက်ရှိသည်။

(ဓာတ်ပုံ-အင်တာနက်)

❖ **ကမ္ဘာ့အကြီးဆုံးမှ**

အသုံးပြုနိုင်မည်ဟု မျှော်လင့်ရသည်။

အဆိုပါ တယ်လီစကုပ်ကို Five-hundred-metre Aperture Spherical Radio Telescope(FAST)ဟု အမည်ပေးထားပြီး နက္ခတ်တာရာလေ့လာရေး အဝေးကြည့် မှန်ပြောင်းကြီးအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

အာကာသအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများကထုတ်လွှတ်သော ရေဒီယိုလှိုင်းများကို ထောက်လှမ်းဖော်ထုတ်ပေးမည့် ကိရိယာသည် နက္ခတ္တသိပ္ပံပညာလေ့လာရေးအတွက် အထောက်အကူပေးမည်ဖြစ်သည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်၏ ပန်းကန်လုံးပုံသဏ္ဌာန်ရှိ ရေဒီယိုအင်တန်နာ(antena)မှာ အချင်းမီတာ၅၀၀ ရှိမည်ဖြစ်ပြီး ကမ္ဘာပေါ်ရှိ ရေဒီယိုတယ်လီစကုပ်များအနက် အကြီးဆုံးနှင့် အာကာသမှ ရေဒီယိုလှိုင်းများကို အာရုံခံနိုင်မှုအရှိဆုံး ကိရိယာဖြစ်လာမည်ဖြစ်သည်။

ယင်းရေဒီယို အင်တန်နာသည် အာကာသဟင်းလင်းပြင်၏ မျက်နှာပြင် အမျိုးမျိုးမှ ရေဒီယိုလှိုင်းများကို ထောက်လှမ်းဖော်ထုတ်နိုင်ရန် တယ်လီစကုပ်၏ မျက်နှာပြင်ကို ပုံသေမထားဘဲ ပြောင်းလဲနိုင်မည်ဖြစ်ကြောင်း ပေကျင်းမြို့ရှိ အမျိုးသားနက္ခတ္တဗေဒလေ့လာရေးစခန်းမှ နက္ခတ္တဗေဒပညာရှင် ရန်တုန်းနန်းက ပြောကြားသည်။

တရုတ်သိပ္ပံပညာရှင်များသည် ရေဒီယိုတယ်လီစကုပ်ကို ကွေကျိုးပြည်နယ်ရှိ တောင်ပတ်လည် ဝန်းရံလျက်ရှိသော နေရာတစ်နေရာတွင် တည်ဆောက်လျက်ရှိသည်။ လူနေဒေသများမှ ဝေးလံသီခေါင်သောနေရာတွင် ရေဒီယိုတယ်လီစကုပ်ကိုထားရှိခြင်းဖြင့် ရေဒီယိုလှိုင်းများကြားဖြတ် အနှောင့်အယှက်ပြုခံရခြင်းမှ ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း ရန်တုန်းနန်းက ပြောကြားသည်။

အင်တာနက်။

အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် နေပြည်တော် မြို့မဈေး အများပြည်သူသုံး သန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ တရားခံ ဗုံးဖောက်ခွဲသူအား ဖမ်းဆီးရမိ

KNU အကြမ်းဖက်သောင်းကျန်းသူများက ငွေကြေးမက်လုံးပေး၍ နေပြည်တော်တွင် ဗုံးဖောက်ခွဲရန် စေခိုင်းခဲ့ခြင်းဖြစ်

ဖောက်ခွဲသူကို တစ်ပါတည်း လက်စဖျောက်နှုတ်ပိတ်နိုင်ရေးအတွက် ဖောက်ခွဲမှုနှင့်အတူ တစ်ပြိုင်တည်း ထိခိုက်သေကျေစေရန် ရက်ရက်စက်စက် စီမံဆောင်ရွက်ထားရှိ

လတ်တလော ငွေကြေးလိုအပ်မှုကြောင့် KNU တို့၏ ဖြားယောင်းစည်းရုံးသွေးဆောင်မှုကို နားယောင်မိပါက မည်သို့မျှ ဇာတ်သိမ်းမကောင်းနိုင်ကြောင်းကို သင်ခန်းစာယူဖွယ် သုံးသပ်တွေ့ရှိရ

နေပြည်တော် ဇွန် ၁၇

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးရှိ အများပြည်သူသုံး သန့်စင်ခန်းအတွင်း ဇွန် ၁၀ ရက် ည ၉ နာရီခွဲခန့်က ဗုံးပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်သတင်းအား ဇွန် ၁၂ ရက်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ ဗုံးဖောက်ခွဲသူတရားခံအား ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ်စုံစမ်းစစ်ဆေးဖော်ထုတ်ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီသတင်းပေးမှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားပြီး ၄၈ နာရီအတွင်း ဗုံးဖောက်ခွဲသူ တရားခံဖြစ်သည့် ရေနီမြို့နေ အောင်ကိုလတ်(ခ) အောင်ကြီး (၃၅)နှစ် (အဘ ဦးရဲအောင်)အား ဖမ်းဆီးရမိခဲ့ပြီဖြစ်ကြောင်း သိရသည်။

တရားခံ အောင်ကိုလတ်(ခ)အောင်ကြီးသည် ကရင်ပြည်နယ် သံတောင်မြို့နယ်အတွင်းရှိ ရွာပုန်းတစ်ခုတွင်နေထိုင်သူ KNU အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၂)မှ ဖောက်ခွဲရေးတာဝန်ခံ တစ်ဦးနှင့် ပြီးခဲ့သည့်လပိုင်းအတွင်း သုံးကြိမ်ခန့် တွေ့ဆုံဆွေးနွေးကာ အခကြေးငွေရယူ၍ နေပြည်တော်တွင် ဗုံးဖောက်ခွဲရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖောက်ခွဲမှုလုပ်ငန်း အောင်မြင်ပါက KNU အကြမ်းဖက်သောင်းကျန်းသူများက ငွေကျပ် သိန်း ၃၀ ပေးမည်ဟု မက်လုံးပေးခဲ့သည့်အတွက် ငွေကြေးအမြောက်အမြား ရလိုမှုတစ်ခုတည်းဖြင့် ဤသို့သဘောတူညီခဲ့ခြင်း ဖြစ်ကြောင်း၊ အောင်ကိုလတ်(ခ) အောင်ကြီးသည် ဇွန် ၁၀ ရက် နံနက် ၄ နာရီခန့်တွင် ဆိုင်ကယ်ဖြင့် အဆိုပါ ရွာပုန်းသို့ တစ်ဦးတည်း သွားရောက်ခဲ့ပြီး KNU အကြမ်းဖက်သောင်းကျန်းသူ ကရင်လေးဆိုသူထံမှ အလျား ၄ လက်မ၊ အနံ ၃ လက်မ၊ ဒု ၂ လက်မခန့်ရှိ အဝါရောင်တိပ်ဖြင့်ပတ်ထားသည့် ဗုံးတစ်လုံးကို စရန်ငွေကျပ်တစ်သိန်းနှင့်အတူ လက်ခံရယူခဲ့ကြောင်း၊ ည ၉ နာရီကျော်ခန့်တွင် နေပြည်တော်မြို့မဈေး ပွဲရုံတန်းရှေ့၌ ဆိုင်ကယ်ကိုရပ်ထားပြီး လူရိပ်လူခြည်ကြည့်ကာ အများပြည်သူသုံး သန့်စင်ခန်းအတွင်းသို့ ဝင်ခဲ့ကြောင်း၊ ၎င်းနောက် ယူဆောင်လာခဲ့သည့် ဗုံးကိုရေဆွဲချသည့် သန့်စင်ခန်းဇလားအပျက်ထဲသို့ ထည့်ပြီး KNU အကြမ်းဖက်သောင်းကျန်းသူများ သင်ပေးလိုက်သည့်အတိုင်း စနက်တံကို စီးကရက်မီးဖြင့်ရှို့ကာ ဖောက်ခွဲခဲ့ကြောင်း၊ ဖောက်ခွဲပြီးသည်နှင့် ချက်ချင်းရှောင်တိမ်းပြီး ပျဉ်းမနားမြို့ရှောင်လမ်းမှတစ်ဆင့် ရေနီမြို့သို့ ဆိုင်ကယ်ဖြင့် ပြန်ခဲ့ကြောင်း၊ ဤဗုံးဖောက်ခွဲမှုကို KNU အကြမ်းဖက် သောင်းကျန်းသူများ၏ ငွေပေးစေခိုင်းချက်အရ ၎င်းကိုယ်တိုင် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံထွက်ဆိုခဲ့ကြောင်း သိရှိရသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများသည် နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှုနှင့် အများပြည်သူ၏ တည်ငြိမ်အေးချမ်းမှုများကို နှောင့်ယှက်ဖျက်ဆီးရန်အတွက် လူသူစည်ကားရာ နေရာများတွင် ဗုံးဖောက်ခွဲမှုများကို ဆိုးညစ်ယုတ်မာသည့် နည်းလမ်းများဖြင့် အကြံအစည်ရှိရှိ အစီအမံရှိရှိ တစိုက်မတ်မတ် လုပ်ကြံဖန်တီး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

ပြီးခဲ့သည့် မေ ၁၈ ရက် ညနေပိုင်း တပ်ကုန်းမြို့နယ် ရွှေမြို့ဘူတာနှင့် ဆင်သေဘူတာအကြား ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်ရထားပေါ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံး၊ ကိုးဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဗုံးဖောက်ခွဲရန် စေလွှတ်ခဲ့သည့် တရားခံ ကျော်ဒီ(ခ) မာရီနိုအား ဖမ်းဆီးရမိခဲ့ပြီးဖြစ်၍ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဗုံးဖောက်ခွဲမှုဖြစ်စဉ်တွင် ကျော်ဒီ(ခ)မာရီနိုမှာ KNU များ သင်ကြားပေးလိုက်သည့်အတိုင်း ဓာတ်ခဲထည့် မိုင်းအသက်သွင်းပြီးလျှင် ပြီးချင်း ရထားပေါ်မှ အမြန်ဆုံးခုန်ချထွက်ပြေးနိုင်ခဲ့၍သာ ၎င်းကိုယ်တိုင် အသက်ဘေးမှ ချမ်းသာရာရခဲ့ခြင်းဖြစ်ပြီး အချိန်အနည်းငယ်သာ နှောင့်နှေးခဲ့ပါက ပေါက်ကွဲမှုတွင် တစ်ခါတည်း ပါဝင်သွားအောင် KNU များက စီမံထားပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ယခင် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က ပျဉ်းမနားဘူတာ အခပေးအိမ်သာ၌ ဗုံးပေါက်ကွဲပြီး နော်ဂေးလာ (၄၀)နှစ် (အဘ ဦးစောရွှေလေး) သေဆုံးခဲ့သည့် ဖြစ်စဉ်၌လည်း KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှပင် အခကြေးငွေပေး၍ ဗုံးခွဲရန် စီမံသင်ကြားစေလွှတ်ခဲ့ခြင်းဖြစ်ပြီး ဗုံးခွဲသူကိုယ်တိုင်ပင် ဗုံးခွဲရန် ပြင်ဆင်နေစဉ်အတွင်း ပေါက်ကွဲပြီး သေဆုံးခဲ့ရကြောင်း တွေ့ရှိရသည်။

ယခု မြို့မဈေး အများသုံးသန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲမှု၌လည်း တရားခံ



ဇွန် ၁၀ ရက်က နေပြည်တော် မြို့မဈေးရှိ အများပြည်သူသုံး သန့်စင်ခန်းအတွင်း ဗုံးဖောက်ခွဲသူ တရားခံ အောင်ကိုလတ်(ခ) အောင်ကြီး။

အောင်ကိုလတ်(ခ)အောင်ကြီးမှာ ဗုံးကို အသက်သွင်းပြီးလျှင်ပြီးချင်း ချက်ချင်း ရှောင်တိမ်းနိုင်၍သာ အသက်ဘေးမှ ချမ်းသာရာရခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နေပြည်တော်နှင့် လူစည်ကားရာ အတွင်းပိုင်းနေရာများသို့ ဖောက်ခွဲဖျက်ဆီးနိုင်ရေးအတွက် ငွေကြေးပမာဏ မက်လုံးပေး၍ ဖြားယောင်းစည်းရုံးသိမ်းသွင်းပြီး ဖောက်ခွဲဖျက်ဆီးရေးသမားများကို စေလွှတ်စေခိုင်းလျက်ရှိကြောင်း၊ သို့သော် ဖောက်ခွဲမည့် ချိန်ကိုက်ဗုံးများတွင် အထူးသဖြင့် ဖောက်ခွဲသူကို အန္တရာယ်ဖြစ်စေနိုင်သော ဗုံးဖောက်ခွဲမှုနည်းလမ်းများကို ရွေးချယ်ထည့်သွင်း အသုံးပြုပြီး ဖောက်ခွဲသူကို တစ်ပါတည်း လက်စဖျောက် နှုတ်ပိတ်နိုင်ရေးအတွက် ဖောက်ခွဲမှုနှင့်အတူ တစ်ပြိုင်တည်း ထိခိုက်သေကျေစေရန် ရက်ရက်စက်စက် စီမံဆောင်ရွက်ထားရှိကြောင်း၊ လတ်တလော ငွေကြေးလိုအပ်မှုကြောင့် KNU တို့၏ ဖြားယောင်းစည်းရုံးသွေးဆောင်မှုကို နားယောင်မိပါက မည်သို့မျှ ဇာတ်သိမ်းမကောင်းနိုင်ကြောင်းကို သင်ခန်းစာယူဖွယ် သုံးသပ်တွေ့ရှိရသည်။

အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် မြို့မဈေး အများပြည်သူသုံး သန့်စင်ခန်း ဗုံးဖောက်ခွဲမှုဖြစ်စဉ်၏ တရားခံ ဗုံးဖောက်ခွဲသူ အောင်ကိုလတ်(ခ) အောင်ကြီးအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက်ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

မေ ၁၈ ရက်က တပ်ကုန်းမြို့နယ် ရွှေမြို့ဘူတာနှင့် ဆင်သေဘူတာအကြား ရန်ကုန်-မန္တလေး အမှတ်(၃) အဆန် အမြန်ရထားပေါ်တွင် ဗုံးဖောက်ခွဲသူ တရားခံ ကျော်ဒီ(ခ) မာရီနို။

ရေစက်သွန်းချ အမျှပေးဝေ

သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံမှ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာတရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဆရာတော်နှင့် အတူ ကျောင်းဆောင်သစ်ရှိ အစည်း အဝေးခန်းနှင့် အထူးသင်တန်းခန်းမ တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်၏ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ အခမ်း အနား အစီအစဉ်များကို ဆက်လက် ကျင်းပရာ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက မြတ်စွာဘုရား ကျောင်းတော်၏ ရွှေကန့်လန့်ကာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မြတ်စွာဘုရားအား ဆီမီးထွန်းညှိ ပူဇော်သည်။

ထို့နောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် ပါမောက္ခများ၊ ကထိကများ စသည့် သံဃာတော်များက "ဇယောဟိ ဗုဒ္ဓဿ" အစချီသည့် ဇယမင်္ဂလာ ဆုတောင်းဂါထာများကို ရွတ်ဆိုပူဇော် ကြပြီး ဒေါ်ရီရီသန့် အမှူးပြုသော သီတဂူ ဂီတဥ္ဇလီအဖွဲ့က "တုမနိုင်းသာ ပွဲကြီးပါဘုရား" မွမ်းမံထပ်ဖြင့် ပူဇော် သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များသည် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ(Ph.D, D. Litt)ထံမှ ငါးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့က သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ သည်။

ထို့နောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဆရာတော်က သီတဂူ သန္ဒေသကထာ အနုမောဒနာ စကား မိန့်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့် မောင်က ဝမ်းမြောက်စကား လျှောက် ထားသည်။

ထို့နောက် မြန်မာမှုပညာရှင် တမ္ပ ဝတီ ဦးဝင်းမောင်က ဘွဲ့နှင်းသဘင် ခန်းမဆောင်အတွင်း ထည့်သွင်း တည်ဆောက်ထားသည့် မြန်မာ့ရိုးရာ ပန်းချီ၊ ပန်းပု၊ ပန်းတမော့၊ ပန်းတော့၊ ပန်းယွန်း အနုပညာလက်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြလျှောက်ထား သည်။

ဆက်လက်၍ မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရုံတိုက်သစ် မင်္ဂလဗိမာန် ဆရာတော် ရေးသားပူဇော်အပ်သော ထုတိမင်္ဂလာဂါထာများကို အရှင်ပညာ နန္ဒ(သီတဂူ ကြယ်တစ်ပွင့်) က ရွတ်ဖတ် ပူဇော်သည်။

ထို့နောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိဆရာတော်က ဒုတိယသမ္မတနှင့်ဇနီးတို့အား သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များအတွက် အလှူငွေ လှူဒါန်းခဲ့မှုများနှင့်စပ်လျဉ်း၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိဆရာတော်က ရေစက်ချ အနုမောဒနာတရားတော်ကို ချီးမြှင့်ရာ ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ ဝင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှု

ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မန္တလေးအဆင့်မြင့် ဘောလုံးကွင်းနှင့် အားကစားရုံတည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ယမန်နေ့ ညနေ ၃ နာရီတွင် ချမ်းမြသာစည်မြို့နယ် (၇၃)လမ်းရှိ မန္တလေး အဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ မြန်မာဘောလုံးအကယ်ဒမီကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဦးစိုးညွန့်နှင့် မက်စ်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးခင်မောင်ကြွယ်တို့က လုပ်ငန်း ဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆင့်မြင့်ဘောလုံးကွင်းပတ်ဝန်းကျင် လမ်းဖောက်လုပ်မှုလုပ်ငန်းများ စနစ်တကျ ရှိရေး၊ လမ်းဘေး ဝဲ၊ ယာ သစ်ပင်များ ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်သွားရေးနှင့် တည်ဆောက်ရေးလုပ်ငန်း များအလိုက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် အဆင့်မြင့်အားကစားရုံ၊ ဘောလုံးကွင်းနှင့် ယာဉ်ရပ်နားရန်နေရာများ တည်ဆောက်နေမှု၊ မြန်မာ ဘောလုံး အကယ်ဒမီကျောင်း(မန္တလေး)၌ အားကစားသမားများ အသက်အပိုင်းအခြားအလိုက် အားကစားလေ့ကျင့်နေမှု၊ မန္တလေး အဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံတည်ဆောက်နေမှုနှင့် အားကစားလေ့ကျင့်ရေးခန်းမတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဘောလုံးအားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် မန္တလေး အဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံ တည်ဆောက်ရေး စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲများ ငွေဆောင်ကမ်းခြေပင်လယ်ပြင်၌ ကျင်းပမည်

ရန်ကုန် ဇွန် ၁၇

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့ တောင် အာရှအားကစားပြိုင်ပွဲ၏ ရွက်လှေ ပြိုင်ပွဲများကို ဧရာဝတီတိုင်း ဒေသကြီး ငွေဆောင်ကမ်းခြေ၌ စခန်း တည်ဆောက် ၍ ပင်လယ်ပြင်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ အတွင်းရေးမှူး အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ သည် ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ငွေဆောင်ကမ်းခြေသို့ ရောက်ရှိပြီး နိုင်ငံတကာအဆင့်မီ ရွက်လှေအားကစားစခန်း တည် ဆောက်နိုင်မည့် မြေနေရာကို ကြည့်ရှု စစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်၌ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများ၊ တိုင်း ဒေသကြီး အားကစားမှူး၊ ခရိုင် အားကစားမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အားကစား၌ ပြည်သူ တစ်ရပ်လုံး ပါဝင်လာစေရန်နှင့် အထူး သဖြင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်လာအောင် တာဝန်ရှိသူများပူးပေါင်း ပြီး ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၇

၂၀၁၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် နာယက SUPREME GROUP OF COMPANY ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က အားကစားဝတ်စုံ၊ ဘတ်စကက်ဘော ဘောလုံးနှင့် ပြိုင်ပွဲကျင်းပစရိတ် ငွေကျပ် ၁၅ သိန်း သုံးသောင်း တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပထမနေ့အမျိုးသားပွဲစဉ်အဖြစ် ဟင်္သာတ ခရိုင်အသင်းနှင့် ဖျာပုံခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြ သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ အတွင်းရေးမှူး အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တိုင်းဒေသ ကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နာယကနှင့် အဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ကျင်းပမည်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ HAN Golf Masters Pte., Ltd. နှင့် Aung Kan Bo Trading Co., Ltd. တို့က အဓိက ကူညီပံ့ပိုးသည့် HAN Golf Masters Junior Golf Series 2011, KENBO Junior Golf Championship ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ မြန်မာ ဂေါက်ကလပ် (၉)မိုင်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် သက်တန်းများအနေဖြင့် အသက်(၈)နှစ်မှ (၁၂)နှစ်၊ အသက် (၁၃)နှစ်မှ (၁၅) နှစ်၊ အသက်(၁၆)နှစ်မှ (၁၈)နှစ်နှင့် အသက်(၁၉)နှစ်မှ (၂၁)နှစ် အထိ ပြိုင်ပွဲလေးမျိုး ခွဲခြားကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက် စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်း မျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ကြမည့် ဂေါက်သီးရိုက်အားကစား သမားများသည် စာရင်းပေးသွင်း သည့်အခါ မှတ်ပုံတင် (သို့မဟုတ်) သန်းခေါင်စာရင်းမိတ္တူ ယူဆောင်လာ ၍ ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး မြန်မာ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁၊ ၆၅၁၃၇၄နှင့် မြန်မာဂေါက်ကလပ် တို့၌ အမည်စာရင်း ပေးသွင်းနိုင် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဖလား အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲကို ဇူလိုင်၂ ရက်မှ ၅ ရက်အထိ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ် သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား စက်ဘီး အားကစားသမားများအတွက် ကီလိုမီတာ ၅၀ တစ်ဦးချင်းပြိုင်ပွဲ၊ ကီလိုမီတာ ၁၈၀ တာဝေးပြိုင်ပွဲနှင့် မီတာ ၄၀၀၀ ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီး စက်ဘီး အားကစားသမားများအတွက် ၂၅ ကီလိုမီတာ တစ်ဦးချင်းပြိုင်ပွဲနှင့် ၁၂၅ ကီလိုမီတာ တာဝေးပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် ကြမည့် စက်ဘီးအားကစားသမားများ သည် ဇူလိုင် ၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဖုန်း-၀၉-၇၃၀၅၆၇၁၀၊ ၀၉-၈၆၂၁၅၂၄၊ ၀၉-၄၉၂၀၃၃၀၃၊ ၀၆၇-၄၀၇၂၅၇ နှင့် ၀၁-၅၆၁၃၃၆ တို့တွင် အမည်စာရင်း ပေးသွင်း၍ ပြိုင်ပွဲနှင့်စပ်လျဉ်းပြီး မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချင်းပြည်နယ်ဝန်ကြ ကမ္ဘာ့ငှက်ဖျားရောဂါ

နေပြည်တော် ဇွန် ၁၇

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း သည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့်

မုတ်သုံလေ အ

နေပြည်တော်

ယနေ့နံနက် ၉ နာရီခွဲထိ မိုးဝေ

လွန်ခဲ့သော ၂၄ နာရီအတွင်းက နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီ တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်န ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာ မွန်ပြည်နယ်တို့တွင် ဒေသအလိုက်မိုးကြီးခဲ့ နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၁ ဒသမ ၁၈ လက်မ၊ နေပြည်တော်(သံတွဲမြို့တွင် ၇ ဒသမ ၄၈ လက် ကျောက်ဖြူမြို့တွင် ၃ ဒသမ ၉၀ လ ဘီးလင်းမြို့တွင် ၃ ဒသမ ၂၃ လက် လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀ လက်မနှင့် လောင်းလုံမြို့တွင် ၂ ဒသမ

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ တိုင်းတာချက်များအရ ဘင်္ဂလားပင်လ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အ ဝင်ရောက်လျက်ရှိသည်။ ကပ္ပလီပင်လ မုတ်သုံလေ အားအလွန်ကောင်းနေသ

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ မန္တလေးတိုင်းဒေသကြီးနှင့် မကွေ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွ ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာ ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင် တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတ တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျ ကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယ ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရေစက်သွန်းချ အမျှပေးဝေ

သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံမှ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာတရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် (ရန်ကုန်) ကျောင်းဆောင်သစ်၏ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ မြတ်စွာဘုရားကျောင်းတော်၏ ရွှေကန့်လန့်ကာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တက္ကသိုလ် အဓိပတိဆရာတော်က ဒုတိယသမ္မတနှင့်ဇနီးတို့အား သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များအတွက် အလှူငွေ လှူဒါန်းခဲ့မှုများနှင့်စပ်လျဉ်း၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိဆရာတော်က ရေစက်ချ အနုမောဒနာတရားတော်ကို ချီးမြှင့်ရာ ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိဆရာတော်က ဒုတိယ သမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဇနီး ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များအား ဖွင့်ပွဲအထိမ်းအမှတ်အလံနှင့် ဓမ္မလက်ဆောင်များကို ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ဇွန် ၂၀ ရက်မှစ၍ ဗုဒ္ဓဓမ္မ ဒီပလိုမာ သင်တန်းနှင့် B.A (Buddhism) ဘွဲ့သင်တန်းတို့ကို သင်တန်းကာလ ရှစ်လဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၂၈၈ ဦး တက်ရောက်သင်ကြားကြမည်ဖြစ်သည်။

ဗုဒ္ဓဝါဒ အခြေခံသဘောတရား သင်တန်းကိုလည်း နံနက် ၈ နာရီမှ ၁၀ နာရီခွဲအထိ ဖွင့်လှစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ချင်းပြည်နယ်ဝန်ကြီးချုပ် အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတက်ရောက်

နေပြည်တော် ဇွန် ၁၇

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဘမောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် မိန့်ခွန်းကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်ဌေးက ဖတ်ကြားသည်။ အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ကာကွယ် တားဆီးရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဟားခါးမြို့ ကျောဘုတ်စိုက်ပျိုးရေး အောက်ခြံ၌ ကျင်းပသည့် မိုးရာသီ လက်ဖက်တိုက်ရိုက်အစေ့ချစိုက်ပျိုးပွဲသို့ တက်ရောက်ပါဝင်စိုက်ပျိုးပေးသည်။

မိုးရာသီ လက်ဖက်တိုက်ရိုက်အစေ့ချ စိုက်ပျိုးပွဲတွင် မျိုးစေ့ ငါးပြည် တစ်ကျင်းလျှင် နှစ်စေ့နှုန်းဖြင့် တစ်ဧကကို ဌာနဆိုင်ရာ ဝန်ထမ်းအင်အား ၅၀၀ တို့က စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

စက်မှုဇုန်သံရည်ကျိုစက်ရုံအစည်းအဝေး၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇွန် ၁၇

အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံအစည်းအဝေးကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စက်မှုနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး တောင်ကြီးအေးသာယာစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် လုပ်ငန်းရှယ်ယာရှင်များက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ ကျန်းမာရေးပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များသည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်းတွင် သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါကာကွယ်ရေး ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ Abate ဆေးခတ်ခြင်းနှင့် လောက်လမ်းစားငါးထည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန် များမှာ** နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၃၄ လက်မ၊ နေပြည်တော် (ပျဉ်းမနား)တွင် ၁ ဒသမ ၁၈ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၉၁ လက်မ၊ သံတွဲမြို့တွင် ၇ ဒသမ ၄၈ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၁၅ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၉၂ လက်မနှင့် လောင်းလုံမြို့တွင် ၂ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းတာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ကျောင်းကုန်း ဇွန် ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်က အမှတ်(၁)ရပ်ကွက် လှျပ်စစ်လမ်းဘေး ဝဲ၊ ယာ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိကြီးကြပ်မှုဖြင့် ဝန်ထမ်းများစုပေါင်း ဆောင်ရွက်ကြသည်။

(ကြေးမုံ)

ပညာဂုဏ်ရောင် အလင်းဆောင်

မြင်းမူမြို့နယ်၌ စန်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ထီးဆောင်းစံပြကျေးရွာ စန်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)** တိုင်းဒေသကြီးဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စန်းရောင်ခြည် စာကြည့်တိုက်အတွက် တိုင်းဒေသကြီးဝန်ကြီးက စာအုပ်စာစောင်များ၊ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးမြင့်သိန်းက သုတရသ စာအုပ်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်စိုးက မဂ္ဂဇင်းနှင့် စာစောင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က စာစောင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက စာစောင်များ အပါအဝင် စုစုပေါင်း စာအုပ်စာစောင် ၁၇၅ အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ကျေးရွာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်သည် အလျား ပေ ၃၀၊ အနံပေ ၂၀ နှင့် အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း တစ်ထပ်တိုက် အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သထုံမြို့နယ်၌ စာကြည့်တိုက်သစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်၊ ငွေပဒေသာပင်လှူဒါန်း

သထုံ ဇွန် ၁၇

သထုံခရိုင် သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာအုပ်စု ငါးကြီးအင်းကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်၊ ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် သိမ်ဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

အလှူရှင်များက ငွေပဒေသာပင် ငွေကျပ် ၁၂၀၀၀၀၊ စာအုပ်၊ စာစောင် ၄၇၉ အုပ်နှင့် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြပြီး ပညာတံခွန်စာကြည့်တိုက်ကို နိုင်ငံတော်၏ ပံ့ပိုးငွေကျပ် ၁၀သိန်းနှင့် အများပြည်သူ စုပေါင်းလှူဒါန်းငွေကျပ် ၁၇ သိန်း စုစုပေါင်း ငွေကျပ် ၂၇ သိန်းအကုန်အကျခံကာ တည်ဆောက်ထားကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သမဝါယမဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၇

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းသင်တန်း၌ သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ် သမဝါယမဦးစီးဌာနများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ စုစုပေါင်း ၈၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရာထမ်းများအတွက် ရုံးသုံးအင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၇

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အရာထမ်းများအတွက် ရုံးသုံးအင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်မှု သင်တန်း (၂/၂၀၁၁) ဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက် အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

KIAတပ်ဖွဲ့များက ခြိမ်းခြောက်ခြင်း၊ စတင်ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် မိမိတပ်မတော်စစ်ကြောင်းများက မလွှဲမရှောင်သာ ပြန်လည်တိုက်ခိုက်ခဲ့ရ

မတူညီသည့်သဘောထားအမြင်များရှိကြမည်ဖြစ်သော်လည်း နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းတကျ ရယူခြင်းများ ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမည်ဖြစ်ကြောင်း တရားဝင်အသိပေးပြောကြားထားပြီးဖြစ်

မိမိတပ်မတော်သားများနှင့် မိမိနိုင်ငံ၏ အရေးကြီးသည့် လျှပ်စစ်စီမံကိန်းအား ကာကွယ်စောင့်ရှောက်လိုသည့် ရည်မှန်းချက်တစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး အခြားသော ရန်လိုဖိနှိပ်တိုက်ခိုက်လိုသည့် ရည်ရွယ်ချက်များမရှိ

နေပြည်တော် ဇွန် ၁၇

ကချင်ပြည်နယ် အခြေစိုက် KIA အဖွဲ့သည် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများကို တားမြစ်ခြင်း၊ လုပ်ငန်းများမအောင်မြင်အောင် နှောင့်ယှက်ခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသားဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိရာ ဧပြီ ၁၆ ရက်က မလိခမြစ်အရှေ့ဘက်ကမ်းရှိ ကျောက်ဖောက်လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရန်၊ ၎င်းတို့၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရန် တားမြစ်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။

အလားတူ မေ ၅ ရက်ကလည်း မလိခမြစ်အရှေ့ဘက်ကမ်းရှိ လာဆာရေအားလျှပ်စစ်စီမံကိန်းသို့ ဝင်ရောက်ပြီး တရုတ်နိုင်ငံသားဝန်ထမ်းများအား မြစ်အနောက်ဘက်ကမ်းသို့ နှစ်ရက်အတွင်း ပြောင်းရွှေ့ရန်၊ မလိခမြစ်အရှေ့ဘက်ကမ်းသို့ စခန်းတိုးချဲ့ထားမှု အမြန်ရုပ်သိမ်းရန် ခြိမ်းခြောက်ဟန့်တားမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဇွန် ၈ ရက် နေ့လယ်ပိုင်းက ကချင်ပြည်နယ် တာပိန်ရေအားလျှပ်စစ်စီမံကိန်းတွင် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်မတော်လုံခြုံရေးတပ်ဖွဲ့မှ စစ်သည်တစ်ဦးအား KIA အဖွဲ့ ဒွန်ဘုံစခန်းမှ ခေါ်ယူစစ်ဆေးပြီး ကျည်ဆန်များထည့်ထားသည့် ကျောပိုးအိတ်အား သိမ်းဆည်းထားခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်အရာရှိနှစ်ဦးက KIA စခန်းသို့ သွားရောက်ဖြေရှင်းရာ ၎င်းအရာရှိနှစ်ဦးကို အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ KIA အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

ထို့ပြင် အခြေချစစ်ဗျူဟာမှူး ဦးစီးသည့် စစ်ကြောင်းသည် ဗန်းမော်မှ တာပိန် ရေအားလျှပ်စစ်စီမံကိန်းသို့ ချီတက်လာစဉ် KIA ဆက်ဆံရေးရုံး ဆန်ခါစခန်းမှ လည်းကောင်း၊ တာပိန်ရေအားလျှပ်စစ်စက်ရုံအဝင် တောင်ကုန်းထိပ်ထုံးဘိုမှ လည်းကောင်း KIA အင်အားစုများက စောင့်ကြိုပြီး ပစ်ခတ်တိုက်ခိုက်မှုများ စတင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် မိမိစစ်ကြောင်းအနေဖြင့် ပြန်လည်ပစ်ခတ် တိုက်ခိုက်ပြီး KIA အဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းထားသည့် အရာရှိနှစ်ဦးကို ဇွန် ၉ ရက်တွင် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းက တာပိန် ရေအားလျှပ်စစ်စီမံကိန်း အနီးရှိ KIA ယာယီစခန်းတစ်ခုအား ဇွန် ၁၁ ရက် နောက်ဆုံးထား၍ ဖယ်ရှားပေးရန် အကြောင်းကြားခဲ့သော်လည်း ဖယ်ရှားပေးခဲ့ခြင်းမရှိသည့်အတွက် ဇွန် ၁၂ ရက် ညပိုင်းတွင် ၎င်းယာယီစခန်းကို မလွှဲမရှောင်သာ တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။

ထို့ပြင် ဇွန် ၈ ရက်က ဗန်းမော်ခရိုင် မန်စီမြို့နယ် ကိုက်ထိပ်ကျေးရွာအနီးရှိ ဆက်သွယ်ရေးမိုက်ခရိုဝေ့ဗ်စခန်း လုံခြုံရေးရဲကင်းကို KIA အဖွဲ့က ဝင်ရောက်ပြီး ရဲတပ်သားတစ်ဦးနှင့် အရပ်သားတစ်ဦးတို့အား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့အား အမြန်ဆုံး ပြန်လွှတ်ပေးရေးအတွက် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ညှိနှိုင်းတောင်းခံခဲ့သော်လည်း ပြန်လည်စေလွှတ်ပေးခဲ့ခြင်းမရှိဘဲ ဇွန် ၁၂ ရက်တွင် တပ်မတော်စစ်ကြောင်းက သွားရောက်တောင်းခံမှသာ ပြန်လည်စေလွှတ်ပေးခဲ့သည်။

တာပိန်ရေအားလျှပ်စစ်စီမံကိန်းသည် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ Datang (yunnan) United Hydropower Developing (DUHD) ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု ကြီးမားပြီး အရေးကြီးသော စီမံကိန်းတစ်ရပ်ဖြစ်သည်။ ယင်းစီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တရုတ်ပညာရှင်များ၊ ဝန်ထမ်းများအား KIA အဖွဲ့က လာရောက်နှောင့်ယှက်ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းထိခိုက်မှုမရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက KIA အဖွဲ့အား သတိပေးတားမြစ်မှုများ ဆောင်ရွက်ခဲ့ရသည်။ သို့သော် KIA အဖွဲ့က လိုက်နာခြင်းမရှိဘဲ KIA ဒွန်ဘုံစခန်းမှနေ၍ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ တာပိန်ရေအားလျှပ်စစ်စီမံကိန်းနှင့် ၎င်းသို့ဆက်သွယ်သည့်လမ်းကြောင်းအား ခြိမ်းခြောက်ခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းမှ ဗန်းမော်ခရိုင်သို့ သွယ်တန်းထားသော တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဤသို့ KIA အဖွဲ့၏ နှောင့်ယှက်ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် စီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် DUHD ကုမ္ပဏီမှ တရုတ်နိုင်ငံသား ၂၁၅ ဦးသည် တရုတ်နိုင်ငံသို့ ဇွန် ၉ ရက်တွင် ၅၀ ဦး၊ ဇွန် ၁၂ ရက်တွင် ၈၄ ဦး၊ ဇွန် ၁၃ ရက်တွင် ၅၃ ဦး၊ ဇွန် ၁၄ ရက်တွင် ၂၈ ဦး အသီးသီးပြန်လည်ထွက်ခွာသွားခဲ့ကြသည်။ ထိုသို့ ပညာရှင်နှင့်ဝန်ထမ်းများ ပြန်လည်ထွက်ခွာသွားခဲ့သည့်အတွက် ၆၀ မီဂါဟတ်(၆) စက်လေးလုံးဖြင့် လည်ပတ်လျက်ရှိသည့် ၎င်းစက်ရုံအား ဇွန် ၁၄ ရက်မှစ၍ လည်ပတ်မှုရပ်နား ပိတ်သိမ်းခဲ့ရပြီး နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် ကြီးမားသော ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ဖော်ပြပါဖြစ်စဉ်တွင် KIA တပ်ဖွဲ့များအား တပ်မတော်စစ်ကြောင်းများမှ တိုက်ခိုက်ရခြင်းသည် မိမိတပ်မတော်အရာရှိများအား အကြောင်းမဲ့ ထိန်းသိမ်းဖမ်းဆီးထားခြင်းကို ပြန်လည်ခေါ်ဆောင်နိုင်ရန်နှင့် အရင်းအနှီးတန်ဖိုး၊ ထုတ်လုပ်မှုတန်ဖိုးကြီးမားပြီး နိုင်ငံအတွက်ရော၊ ဒေသအတွက်ပါ များစွာအကျိုးပြုနိုင်သည့် တာပိန်ရေအားလျှပ်စစ်စီမံကိန်းကို နှောင့်ယှက်ဖျက်ဆီးမည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့်သာ မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ယင်းသို့ တိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် KIA အဖွဲ့က ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၌ အဓိကကျသည့် သံပေါင်ဘေလီတံတား ကိုးစင်း၊ သံကူ ကွန်ကရစ်တံတား ၁၀ စင်း၊ ကွန်ကရစ်တံတား လေးစင်း၊ သစ်သားတံတား နှစ်စင်း စုစုပေါင်း တံတား ၂၅ စင်းအား ဇွန် ၁၄ ရက်မှ ၁၆ ရက် အတွင်း ဖောက်ခွဲဖျက်ဆီးခဲ့သည်။ KIA အဖွဲ့၏ ဖော်ပြပါ အဖျက်လုပ်ရပ်များသည် နိုင်ငံအကျိုး၊ ဒေသအကျိုးကို များစွာထိခိုက်နစ်နာစေပြီး ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ လမ်းပန်းဆက်သွယ်မှုများလည်း ကြီးမားစွာ ထိခိုက်ဆုံးရှုံးစေခဲ့သည်။

အမျိုးသား ပြန်လည်ပေါင်းစည်းညီညွတ်ရေးနှင့် စပ်လျဉ်း၍ ယနေ့အထိ မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးသည့် ပြည်တွင်းပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများ ရှိနေကြဆဲဖြစ်သည်။ သို့သော် ထိုပုဂ္ဂိုလ်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံသားများသာ ဖြစ်ကြသည့်အတွက် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးဟူသည့် အမြင်၊ လက်ရှိအစိုးရ အဖွဲ့ကိုလည်း ကိုယ့်တိုင်းရင်းသားများဖြင့် အဆင့်ဆင့်ပါဝင် ဖွဲ့စည်းထားသည့် ကိုယ့်အစိုးရဟူသည့် အမြင်မျိုးရှိရန် လိုအပ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သည့် အခွင့်အရေးပေးထားပြီးဖြစ်ရာ ယင်းကို အကြောင်းပြ၍ နိုင်ငံတကာအလယ်တွင် ကိုယ့်တိုင်းပြည် ဂုဏ်သိက္ခာ ထိခိုက်အောင်၊ ကိုယ့်ပြည်သူများ ဆုံးရှုံးနစ်နာအောင် မပြုလုပ်ကြရန် လိုအပ်သည်။

မတူညီသည့် သဘောထားအမြင်များ ရှိကြမည်ဖြစ်သော်လည်း နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းတကျ ရယူခြင်းများ ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆို နေမည်ဖြစ်ကြောင်း တရားဝင် အသိပေး ပြောကြားထားပြီးဖြစ်သည်။ ယနေ့အချိန်တွင် KIA အဖွဲ့များအနေဖြင့် နိုင်ငံတော်၏ သဘောထားကို သဘောပေါက် နားလည်လက်ခံရန် လိုအပ်သည်။

ယနေ့ ကချင်ပြည်နယ်အတွင်း KIA အဖွဲ့နှင့် တပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားနေရခြင်းမှာ မိမိတပ်မတော်သားများနှင့် မိမိနိုင်ငံ၏ အရေးကြီးသည့် လျှပ်စစ်စီမံကိန်းအား ကာကွယ်စောင့်ရှောက်လိုသည့် ရည်မှန်းချက်တစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး အခြားသောရန်လို ဖိနှိပ်တိုက်ခိုက်လိုသည့် ရည်ရွယ်ချက်များမရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သတ္တုတွင်းဝန်ကြီးဌာန ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၇

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များ၏ ကျောင်းသား၊ ကျောင်းသူများ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၉၀ တို့အား ပညာရည်ချွန်ဆု ချီးမြှင့်ကြပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဆေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့တွင် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူ ၃၈ ဦး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၁၇၇ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးပေးအပ်ကာ ဗလာစာအုပ် ၁၇၇ ဒါဇင်ကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ကြသည်။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ယခုပညာသင်နှစ်တွင် ငွေကျပ် ၉၁၅၅၀၀၀ နှင့် ဗလာစာအုပ် ၁၇၇ ဒါဇင် ချီးမြှင့်ထောက်ပံ့ပေးခဲ့သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားတစ်ဦးအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။
(သတင်းစဉ်)

အင် တာ နက် န က္ခ တ္တ သိ ပ္ပံ သ တင်း

ကမ္ဘာ့အကြီးဆုံးသော ရေဒီယိုတယ်လီစကုပ် တရုတ်နိုင်ငံ၌ စတင်တည်ဆောက်နေ

ပေကျင်း ဇွန် ၁၇

ကမ္ဘာ့အကြီးဆုံးသော ရေဒီယိုတယ်လီစကုပ် တည်ဆောက်ရေးသိပ္ပံစီမံကိန်းတစ်ရပ်ကို တရုတ်နိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိကြောင်း တရုတ်သတင်းဌာနများက ဇွန် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာသာပြန် - စံစံ

တရုတ်နိုင်ငံတောင်ပိုင်း ကွေကျိုးပြည်နယ်၌ ကမ္ဘာ့အကြီးဆုံးသော ရေဒီယိုတယ်လီစကုပ်ကို ယခုနှစ် မတ်လမှစ၍ စတင်တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် စတင်

စာမျက်နှာ ၇ ကော်လံ ၃ သို့✤

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် ဇွန် ၁၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ
(၁၇-၆-၂၀၁၁)

သံတွဲ	၇	ဒသမ	၄၈	လက်မ
ဂွ	၄	ဒသမ	၀၂	လက်မ
ရေး	၃	ဒသမ	၅၈	လက်မ
ရွှေကျင်	၂	ဒသမ	၉၂	လက်မ